# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့်ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့အက်ဥပဒေတို့ကို ရုပ်သိမ်းသည့်ဥပဒေ။

**[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၁။]**

**၁၃၂၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။**

**(၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်ဖော်ပြပါ အက်ဥပဒေတို့ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေ။

(ခ) ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ။

(ဂ) ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့အက်ဥပဒေ။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

၃။ ။ ဤဥပဒေသည် စတင်အာဏာတည်သည့် အချိန်မှအစပြု၍၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စအရပ်ရပ်များကို အစိုးရကညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်။

၄။ ။ ဤဥပဒေပါ ကိစ္စများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ၊ အစိုးရသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။

Myanmar Law Information System (MLIS)

၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့်ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့အက်ဥပဒေတို့ကို

ရုပ်သိမ်းသည့်ဥပဒေ။

(၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီးကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)